E-book is created by ***www.shanyoma.org***

## ရှုလိုင်(၁၉)နှင့်

# သူတို့(၉)ဦး

# သမိုင်းတကွေ့

# မှတ်တမ်း

မျိုးသက်ရှည်

E-book is created by ***www.shanyoma.org***




**ဗိုလ်ချုပ်အောင်ဆန်း** (၁၉၁၅-၁၉၄၇)

၁၉၁၅-ခု၊ ဖေဖေါ်ဝါရီလ ၁၃-ရက်နေ့တွင် တောင်တွင်းကြီးခရိုင်၊ နတ်မောက်မြို့၌ အမိန့်တော်ရရှေ့နေဦးဖာ+ဒေါ်စုတို့မှ နောင်တခေတ်တွင် ဗိုလ်ချုပ်အောင်ဆန်းဟူ၍ မြန်မာနိုင်ငံသမိုင်းတွင်စေမည့် သားရတနာကို ဖွားမြင်ခဲ့သည်။ ငယ်မည်မှာ မောင်ထိန်လင်း ဖြစ်သည်။

၁၉၃၇-ခုနှစ်တွင် ဝိဇ္ဇာတန်းကို အောင်မြင်ခဲ့သည်။ ၁၉၃၈-ခုနှစ်တွင် တက္ကသိုလ်ကောင်စီဝင်လူကြီး ဖြစ်ခဲ့သည်။ ၁၉၃၈-ခုနှစ်တွင် သခင်ကိုယ်တော်မှိုင်း ကြီးမှူးသော "တို့ဗမာအစည်းအရုံး"သို့ဝင်ရောက်၍ သခင်အောင်ဆန်းအဖြစ် နိုင်ငံရေးနယ်ပယ်သို့ ခြေစုံပစ်ဝင်ခဲ့သည်။


မြန်မာ့လွတ်လပ်ရေးအတွက် အင်္ဂလိပ်နယ်ချဲ့အစိုးရအား မြန်မာ့မြေပေါ်မှ လက်နက်အားဖြင့် မောင်းထုတ်နိုင်ရန်အတွက် နိုင်ငံခြားမှ အကူအညီရယူရန် ဂျပန်ပြည်သို့စွန့်စားထွက်ခွာခဲ့သည်။ ဂျပန်ပြည်တွင် "ဗမာ့လွတ်လပ်ရေး စီမံကိန်း"စာတမ်းတရပ်ကို ရေးဆွဲကာ ဂျပန်စစ်အာဏာပိုင်များနှင့်ညှိနှိုင်းခဲ့သည်။ ယင်းစီမံကိန်းအရ မြန်မာပြည်အတွင်းမှ မျိုးချစ်လူငယ်များကို လျှို့ဝှက်စုစည်းကာ အလီလီခွဲလျက် ဂျပန်ပြည်သို့ပို့ပေးခဲ့သည်။ ဤမျိုးချစ်လူငယ်တစုသည်ပင်လျှင် နောင်သောအခါတွင်ဗိုလ်တေဇ(ခေါ်)ဗိုလ်အောင်ဆန်းခေါင်းဆောင်သည့် ရဲဘော်သုံးကျိပ်ဖြစ်လာခဲ့သည်။ ဤမျိုးချစ်လူငယ်များသည် ဗမာ့တပ်မတော်ကို ဖွဲ့စည်းတည်ထောင်ကာ မြန်မာနိုင်ငံအတွင်းသို့ ဂျပန်များနှင့်အတူ ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။

မြန်မာပြည်ကို အင်္ဂလိပ်များ လုံးဝစွန့်လွှတ်ထွက်ပြေးသွားသောအခါတွင် ဂျပန်စစ်အုပ်ချုပ်ရေးသမားများသည် မြန်မာနိုင်ငံနှင့်ပြည်သူတို့အား ဖက်ဆစ်နိုင်ငံ၏လက်အောက်နိုင်ငံ တနိုင်ငံသဖွယ် သဘောထားလာကြသည်။ ထို့ကြောင့် ၁၉၄၅-ခု၊ မတ်လ ၂၇-ရက်နေ့တွင် ဗမာ့ကာကွယ်ရေးတပ်မတော်သည် ဗိုလ်ချုပ်အောင်ဆန်း၏တိုက်ရိုက်ကွပ်ကဲညွှန်ကြားမှုအားဖြင့် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးနောက်တွင် ဗမာ့တပ်မတော်ကို ကန္ဒီစာချုပ်အရ ဆက်လက်ဖွဲ့စည်းတည်ထောင်ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်မှနုတ်ထွက်ကာ နိုင်ငံရေးခေါင်းဆောင်တဦးအဖြစ် တိုင်းပြည်တာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့သည်။ နောက်ဆုံးတွင် အင်္ဂလန်နိုင်ငံ၏နိုင်ငံရေးအပြောင်းအလဲများအရ "အောင်ဆန်း-အက်တလီ"စာချုပ်ဖြင့် တနှစ်အတွင်း မြန်မာပြည်အား လုံးဝလွတ်လပ်ရေးပေးရန်ဟူသော သဘောတူညီချက်ကို ဗိုလ်ချုပ်အောင်ဆန်း၏စွမ်းဆောင်မှုဖြင့် ရရှိခဲ့ပေသည်။

E-book is created by ***www.shanyoma.org***

ယင်းသို့ မြန်မာ့လွတ်လပ်ရေး ဗိမာန်ကြီးပြီးခါနီးအချိန်တွင် နယ်ချဲ့လက်ပါးစေ ဦးစောနှင့်အပေါင်းပါတို့၏ရက်စက်ယုတ်မာစွာ လုပ်ကြံသတ်ဖြတ်မှုကြောင့် ၁၉၄၇-ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်တွင် အခြားသောလုပ်ဖော်ကိုင်ဖက် တိုင်းပြည်ခေါင်းဆောင်အာဇာနည်ကြီးများနှင့်အတူ ကျဆုံးခဲ့ရပေသည်။

♦ ♦ ♦ ♦ ♦ ♦



## **သခင်မြ** (၁၈၉၇-၁၉၄၇)

သခင်မြသည် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဝန်ကြီးအဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်သည်။

၁၈၉၇-ခု၊ အောက်တိုဘာလ (၇)ရက်၊ ကြာသပတေးနေ့၊ ည(၇)နာရီ (၃၆)မိနစ်တွင် ပြည်ခရိုင်၊ ထုံးဘိုမြို့၌ ဖွားမြင်သည်။ အဖမှာ ဦးဘိုးချွန်၊ အမိမှာ ဒေါ်သက်လယ်ဖြစ်သည်။ ငယ်မည်မှာ မောင်မြရွှေဖြစ်သည်။ နှမ မမြငွေ တဦးသာရှိ၍ ယခုသီလရှင် ဒေါ်ခေမာဝတီဖြစ်သည်။

၁၉၂၄-ခုနှစ်တွင် ဘီအက်(စ်)စီ ဓာတုဗေဒဂုဏ်ထူးဖြင့် အောင်သည်။ ၁၉၄၄-ခုနှစ်တွင် ဂျပန်ကို တော်လှန်ရာ နိုင်ငံရေးပါတီများနှင့်ဗမာ့တပ်မတော်ပါ ပူးပေါင်း၍ ဖ-ဆ-ပ-လအဖွဲ့ဖွဲ့စည်း ဖြစ်ပေါ်လာသည်။ ပြည်သူ့အရေးတော်ပုံပါတီမှ သခင်မြဦးဆောင်ပါဝင်သည်။

၁၉၄၅-ခု၊ စက်တင်ဘာလတွင် ပြည်သူ့အရေးတော်ပုံပါတီကို မြန်မာပြည်ဆိုရှယ်လစ်ပါတီဟု ပြောင်းလဲဖွဲ့စည်းခဲ့ရာ သခင်မြ ဥက္ကဋ္ဌဖြစ်ခဲ့သည်။ ၁၉၄၆-ခု၊ အောက်တိုဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သောအစိုးရအဖွဲ့တွင်ပါဝင်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အခြားခေါင်းဆောင်ကြီးများနှင့်တူ မသမာသူတို့လက်ချက်ဖြင့် ၁၉၄၇-ခု၊ ဇူလိုင်လ(၁၉)ရက်၊ စနေနေ့ နံနက်(၁၀)နာရီ(၃၇)မိနစ်တွင် အသက်ဆုံးရှုံးခဲ့ရှာသည်။

♦ ♦ ♦ ♦ ♦ ♦



**ဦးဘချို** (၁၈၉၃-၁၉၄၇)

ဒီးဒုတ်ဂျာနယ်ကို ၁၉၂၅-ခုနှစ်တွင် ဦးဘချို ထုတ်ဝေခဲ့သည်။ ထိုဂျာနယ်၏အမည်ကို သူ့အမည်တွင်တွဲ၍ "ဒီးဒုတ်ဦးချို"ဟု အများက သိခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော လွတ်လပ်ရေးအကြိုခေတ်တွင် ပြန်ကြားရေးဝန်ကြီးအဖြစ် ပါဝင်ခဲ့သည်။

ဦးဘချိုသည် မြောင်းမြမြို့ ဆေးဆရာကြီးဦးဘိုးစာ+ဒေါ်မြစ်တို့၏သားဖြစ်သည်။ ၁၈၉၃-ခု၊ ဧပြီလ(၂၃)ရက်နေ့တွင် ဖွားမြင်သည်။ ဦးဘချိုသည် ဂျပန်ခေတ်အစိုးရလက်ထက်တွင် အတိုင်ပင်ခံလွှတ်တော်အမတ်အဖြစ် ထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံ လုံးဝလွတ်လပ်ရေးရရှိကြိုးပမ်းရန်အတွက် ဖ-ဆ-ပ-လအဖွဲ့ချုပ် ဖွဲ့စည်းသောအခါ ဝင်ရောက်ဆောင်ရွက်သည်။ တိုင်းပြုပြည်ပြု လွှတ်တော်တွင် မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးကော်မတီအဖွဲ့ဝင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြတို့နှင့်အတူ အထူးအပင်အပန်းခံ၍ ဆောင်ရွက်ခဲ့သည်။

၁၉၄၇-ခု၊ ဇူလိုင်လ(၁၉)ရက်၊ နံနက်(၁၀)နာရီ (၃၇)မိနစ်တွင် ခေါင်းဆောင်ကြီးများနှင့်အတူ လုပ်ကြံခံရပြီး၊ မွန်းလွဲ(၁)နာရီ (၄၅)မိနစ်အချိန်တွင် ကွယ်လွန်သည်။

♦ ♦ ♦ ♦ ♦ ♦ ♦



**ဦးရာဇတ်** (၁၈၉၈-၁၉၄၇)

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရအဖွဲ့တွင် ဦးရာဇတ်သည် ပညာရေးနှင့်အမျိုးသားစီမံကိန်းဌာနဝန်ကြီးအဖြစ် ပါဝင်ခဲ့သည်။

ဦးရာဇတ်သည် မိတ္ထီလာမြို့အငြိမ်းစားတိုက်ပိုင်အင်စပက်တော် မစ္စတာအေရာမန်နှင့်ဒေါ်ငြိမ်းလှတို့၏သား ဖြစ်သည်။ မွေးနေ့သက္ကရာဇ်မှာ ၁၈၉၈-ခု၊ ဇန္နဝါရီလ(၂၀)ရက် ဖြစ်သည်။

၁၉၂၂-ခုတွင် အမျိုးသားပညာရေးအဖွဲ့ကြီး၏ဘီအေစာမေးပွဲကြီးကို အောင်ခဲ့၍ အေ-ရာဇတ် ဘီအေ(နေရှင်နယ်)အမည်ခံခဲ့သည်။ ၁၉၂၂-ခုနှစ်မှ ၁၉၄၁-ခုနှစ်တိုင် ဗဟိုအမျိုးသားအထက်တန်းကျောင်းတွင် ဆရာကြီးအဖြစ် ထမ်းရွက်ခဲ့သည်။

၁၉၄၅-ခုနှစ်တွင် စစ်အတွင်းက ပိတ်ထားခဲ့ရသောအမျိုးသားကျောင်းကြီးကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီအဖွဲ့ဝင် တဦးလည်းဖြစ်သည်။

ခေါင်းဆောင်ကြီးများနှင့်အတူ မသမာသူတို့၏လက်ချက်ဖြင့် ၁၉၄၇-ခု၊ ဇူလိုင်လ (၁၉)ရက်၊ စနေနေ့၊ နံနက်(၁၀)နာရီ (၃၇)မိနစ်တွင် လုပ်ကြံခံရပြီး အသက်ဆုံးရှုံးခဲ့သည်။

♦ ♦ ♦ ♦ ♦ ♦



## မန်းဘခိုင် (၁၉ဝ၃-၁၉၄၇)

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဝန်ကြီးအဖွဲ့တွင် စက်မှုလက်မှုနှင့်အလုပ်သမားဝန်ကြီးအဖြစ် ကရင်ခေါင်းဆောင်မန်းဘခိုင် တာဝန်ယူခဲ့သည်။

မန်းဘခိုင်သည် ဟသ်ာတခရိုင်၊ ယုန်တလင်းရွာဇာတိဖြစ်သည်။ အဖ-ယုန်တလင်းရွာသူကြီးမန်းပေကုန်းနှင့်အမိ-ဒေါ်ပုတို့မှ ၁၉ဝ၃-ခု၊ အောက်တိုဘာလ၊ (၂၆)ရက်နေ့တွင် ဖွားမြင်သည်။ တော်လှန်ရေးတွင် ထိုနယ်မှ ပါဝင်လှုပ်ရှားခဲ့သည်။

ငယ်စဉ်က ဟသ်ာတမြို့ အေဘီအမ်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၃၇-ခုနှစ်တွင် ပုသိမ်မြောက်ပိုင်းမှ အမတ်အဖြစ် အရွေးခံရသည်။

ဂျပန်တော်လှန်သည့်အချိန်တွင် ရှုပ်ရှုပ်ခွံခွံ ဆောင်ရွက်ခဲ့သည်။ ကရင်-ဗမာချစ်ကြည်ရေးကို အထူးကြိုးပမ်းတည်ဆောက်ခဲ့သည်။ ဖ-ဆ-ပ-လအဖွဲ့ကြီး ဖြစ်မြောက်ရေးကို ကြိုးကြိုးပမ်းပမ်းပါဝင်ဆောင်ရွက်ခဲ့၏။ ထိုအချိန်မှာပင် ကရင်လူငယ်များအစည်းအရုံး ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရသည်။

၁၉၄၇-ခု၊ ဇူလိုင်လ(၁၉)ရက်၊ စနေနေ့၊ နံနက်(၁ဝ)နာရီ (၃၇)မိနစ်တွင် ခေါင်းဆောင်ကြီးများနှင့်အတူ လုပ်ကြံခံရပြီး အသက်ဆုံးရှုံးခဲ့ရသည်။

♦ ♦ ♦ ♦ ♦ ♦



## မိုင်းပွန်စော်ဘွားစဝ်စံထွန်း (၁၉၀၇-၁၉၄၇)

မိုင်းပွန်စော်ဘွား စဝ်စံထွန်းသည် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော စစ်ပြီး လွတ်လပ်ရေးအကြိုအစိုးရအဖွဲ့တွင် အတိုင်ပင်ခံ တောင်တန်းဒေသရေးရာဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။


မိုင်းပွန်စော်ဘွားကြီး စဝ်ခွန်ထီးနှင့်မြောက်နန်းဆောင်မဟာဒေဝီနန်းစိန်ဥတို့၏သား ဖြစ်သည်။ ၁၉၀၇-ခု၊ မေလ (၃၁)ရက်၊ သောကြာနေ့တွင် ဖွားမြင်သည်။

၁၉၂၈-ခုတွင် အခမ်းအနားဖြင့် စော်ဘွားအဖြစ်ခံယူသည်။

ဗိုလ်ချုပ်အောင်ဆန်း၏တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေးကြိုးပမ်းမှုတွင် တောင်တန်းမြန်မာပူးပေါင်းရေး အောင်မြင်စေရန်အတွက် အထူးကူညီဆောင်ရွက်ခဲ့သည်။ တိုင်းပြုပြည်ပြု လွှတ်တော်တွင် ပြည်ထောင်စုနှင့်ပြည်နယ်များဆိုင်ရာ ဆပ်ကော်မတီ၊ လူနည်းစုဆိုင်ရာဆပ်ကော်မတီ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီတို့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၇-ခုနှစ်၊ ဇူလိုင်လ(၁၉)ရက်၊ စနေနေ့ နံနက်(၁၀)နာရီ(၃၇)မိနစ်တွင် လုပ်ကြံခံရသည့်အထဲတွင် ပါဝင်ပြီး၊ ဇူလိုင်လ(၂၀)ရက်၊ မွန်းတည့်(၁၂)နာရီတွင် ကွယ်လွန်သွားရှာသည်။

♦ ♦ ♦ ♦ ♦ ♦



## ဦးဘဝင်း (၁၉၀၁-၁၉၄၇)

ဗိုလ်ချုပ်အောင်ဆန်း၏အစိုးရအဖွဲ့တွင် ထောက်ပံ့ရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဌာနဝန်ကြီးအဖြစ် ဦးဘဝင်း ပါဝင်ခဲ့သည်။

နတ်မောက်မြို့ ရွှေနေဦးဖာ+ဒေါ်စုတို့၏သားသမီး (၉)ယောက်အနက် ဦးဘဝင်းသည် အကြီးဆုံးသားဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကိုအကြီးဆုံးဖြစ်ပြီး ၁၉၀၁-ခု ဇွန်လ (၁၁)ရက်နေ့တွင် ဖွားမြင်သည်။

မန္တလေးဉပစာကောလိပ်မှ ဉပစာတန်းကို အောင်မြင်သူများတွင် ပထမရရှိခဲ့သည်။ သင်္ချာ၊ ဓာတုဗေဒနှင့်ရူပဗေဒဘာသာရပ်များတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည်။ ၁၉၂၉-ခုနှစ်တွင် ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းတွင် ကျောင်းဆရာကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၇-ခုနှစ်တွင် ထောက်ပံ့ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် တိုင်းပြုပြည်ပြုလွှတ်တော်ဖွဲ့စည်းပုံအခြေခံဉပဒေရေးဆွဲရေးကော်မတီတွင်လည်း ပါဝင်ခဲ့သည်။

၁၉၄၇-ခု၊ ဇူလိုင်လ (၁၉)ရက်၊ စနေနေ့၊ နံနက်(၁၀)နာရီ (၃၇)မိနစ်အချိန်တွင် လုပ်ကြံခံရပြီး ကွယ်လွန်သည်။

♦ ♦ ♦ ♦ ♦ ♦

E-book is created by ***www.shanyoma.org***



## ဦးအုန်းမောင် (၁၉၁၃-၁၉၄၇)

ဦးအုန်းမောင်သည် မင်းဘူးမြို့ မစ္စတာအိပ်ချ်ဒဗလျူတရပ်(တ်)ဝိန်း+ဒေါ်ရွှေမြင့် တို့၏ဒုတိယသားဖြစ်သည်။ မွေးသက္ကရာဇ်မှာ ၁၉၁၃-ခု၊ ဖေဖော်ဝါရီလ(၂)ရက် ဖြစ်သည်။

တက္ကသိုလ်ကျောင်းသားဘဝက ရန်ကုန်တက္ကသိုလ်တပ်ရင်းတွင် တပ်ခွဲတပ်ထောက် အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၄-ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်သည်။ ၁၉၃၇-ခုတွင် အိုင်စီအက်(စ်)စာမေးပွဲ ဖြေသူ (၃)ဦးအနက် ပထမရသည်။ ၁၉၃၉-ခုတွင် မန္တလေးမြို့၊ အရှေ့နယ်ပိုင်ဝန်ထောက် အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၇-ခုနှစ်တွင် မြစ်ကြီးနားအရေးပိုင်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ထို့နောက် လမ်းပန်းဆက်သွယ်ရေးအတွင်းဝန်အဖြစ် ခန့်အပ်ခြင်းခံရသည်။

၁၉၄၇-ခု၊ ဇူလိုင်လ(၁၉)ရက်နေ့ စနေနေ့ နံနက်(၁၀)နာရီ (၃၇)မိနစ်တွင် လုပ်ကြံခံ ရသည်။

♦ ♦ ♦ ♦ ♦ ♦

E-book is created by ***www.shanyoma.org***



## ရဲဘော်ကိုထွေး (၁၉၂၉-၁၉၄၇)

မန္တလေးမြို့၊ တောင်ပြင်သိပ္ပံရပ် ပင်စင်စား လယ်ယာစိုက်ပျိုးရေးဝန်ထောက်ဦးကိုကိုလေး+ဒေါ်မင်းရီတို့၏ဆဋ္ဌမမြောက်သားဖြစ်သည်။

နဝမတန်းအထိ ပညာသင်ကြားခဲ့သည်။ အသက် ၁၈နှစ်အရွယ်တွင် ပညာရေးဝန်ကြီးဦးရာဇတ်၏သက်တော်စောင့်အဖြစ် ခန့်အပ်ခြင်းခံရသည်။

၁၉၄၇-ခု၊ ဇူလိုင်လ (၁၉)ရက်၊ စနေနေ့ နံနက်(၁၀)နာရီ (၄၅)မိနစ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံသော မသမာသူတို့၏လက်ချက်ဖြင့် ကျဆုံးရသည်။

♦ ♦ ♦ ♦ ♦

မှတ်ချက်။ ။၁၉၈၀-ခုနှစ်၊ ဇူလိုင်လထုတ် စစ်ပြန်မဂ္ဂဇင်း စာမျက်နှာ(၁၇ မှ ၂၂ထိ)ပါရှိသောခေါင်းစီးပိုင်းကို ပြန်လည်ရိုက်နှိပ်မှတ်တမ်းတင်ထားပါသည်။